(ဃ) **ရေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ရာတွင် ထွက်ရှိလာသည့် စွန့်ပစ်ရေများအား အနည်ထိုင်ကန်ဖြင့် အနည်ချပြီး စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊

(၂) စီးဆင်းရေများအား ရေစီးဆင်းမှု စနစ်တကျရှိစေခြင်းနှင့် မြေတိုက်စားမှု မရှိစေခြင်းတို့အတွက် ရေနုတ်မြောင်းစနစ်များ ထည့်သွင်း ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံ အချက်အလက်များအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် ဆူညံသံနှင့်တုန်ခါမှုများ သိသာထင်ရှားစွာ လျော့ပါးစေရေးနှင့် စီမံကိန်းပြင်ပသို့ ထွက်ရှိလာခြင်းမရှိစေရေးအတွက် နံရံအတားအဆီး ကာရံခြင်းများ ဆောင်ရွက်ရန်၊

(၂) ဆူညံသံနှင့် တုန်ခါမှုလျော့ပါးစေရေးအတွက် လေကာပင်များ စိုက်ပျိုးခြင်းကဲ့သို့သော လိုအပ်မည့်စီမံချက်များ ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းများဆောင်ရွက်ရာတွင် ဆူညံသံလျော့နည်းစေရေးအတွက် နေ့ဘက်နှင့် ရုံးဖွင့်ရက်များတွင် ဆောင်ရွက်ရန်၊

(၄) ဝန်ထမ်းများအား သင်တန်းပို့ချပေးခြင်းနှင့် ဆူညံသံထွက်ရှိသော နေရာများတွင် PPE များ ဝတ်ဆင် ဆောင်ရွက်ရန်၊

(၅) ဆူညံသံစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ထုပ်ပိုးမှုသုံးစွန့်ပစ်ပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဝန်ထမ်းများ၏ စွန့်ပစ်ပစ္စည်းများ စသည်တို့အား ပြန်လည်ပြုပြင်သုံးစွဲခြင်း (သို့မဟုတ်) ရောင်းချခြင်း၊ သံ၊ စက္ကူ၊ ကော်စသည်တို့အား ခွဲခြားစွန့်ပစ်စေပြီး ပြန်လည်ဝယ်ယူသူများထံ ရောင်းချခြင်းများ ဆောင်ရွက်ရန်၊

(၂) ပြန်လည်အသုံးပြုမရသည့် စွန့်ပစ်ပစ္စည်းများကို မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်စွန့်ပစ် ဆောင်ရွက်ရန်၊

